
ရသဝတ္ထုတိုများ



# ရှင်သန်ရာဘဝထဲမှာ

## (၁)

တယ်လီဗေးရှင်း လေးငါးလုံး၏ Channal လိုင်းမျိုးစုံမှ တစ်ပြိုင်နက် ထုတ်လွှင့်လျက်ရှိသည့် အပြားပြားသော ဖျော်ဖြေမှုတို့က အရောင်အသွေးစုံလှသည်။ တစ်လုံးက သီချင်း MTV၊ တစ်လုံးက ဘောလုံးပွဲ၊ အခြားတစ်လုံးက Model Cat Walk စသည်ဖြင့် ဆန်းသစ်ဝေဆာ၍ နေသည်။ အဲယားကွန်းခန်းမ၏ အေးမြသော လေပြေအေးကလည်း အခန်းတစ်ခုလုံး လွှမ်းခြုံလျက်ရှိ သည်။ ခန်းလုံးပြည့် တပ်ဆင်ထားသော ကြည့်မှန်ချပ်ကြီးများကြောင့်လည်း အခန်းကြီးက ကျယ်ပြောလင်းချင်း တောက်ပလျက်ရှိ၏ ။

အဆိုပါ ခန်းမကျယ်ကြီးအတွင်းမတော့ အထက်ဖော်ပြပါ တယ်လီဗွီးရှင်းကြီးများကိုကြည့် လိုက်၊ ကြည့်မှန်ချပ်ကြီးများတွင် ပေါ်ထင်လျက်ရှိသော မိမိကိုယ်ကို စောင်းငဲ့ကြည့်လိုက်နှင့် အပြေး၊ ကြွက်သား၊ ဗိုက်သား စသည့် လေ့ကျင့်ခန်းအသီးသီးကို စက်ကြီးများပေါ်တွင် ချွေးတလုံးလုံးနှင့် မမေနိုင်၊ မပန်းနိုင် လေ့ကျင့်ခန်းလုပ်လျက်ရှိကြသည့် အသားနီစပ်စပ်၊ ဖြူဖြူမည်းမည်း ပိုပို့ရွယ်ရွယ် လူမျိုးစုံကို တွေ့ရသည်။

“ဒါ Gym လို့ ခေါ်တယ်” ထိုစဉ်က သူငယ်ချင်းဖြစ်သူ ခေါ်လာပြတော့ ကိုသော် တအံ့တသြ ဖြစ်ခဲ့ရသည်။

“ဘယ်လိုလူမျိုးတွေက လာလေ့ကျင့်ကြတာလဲကွာ” ကိုသော်က ရိုးရိုးစင်းစင်းကြီးမေး တော့ သူငယ်ချင်းက ရယ်သည်။

“မင်းကလည်း ရိုးလိုက်တဲ့ကောင်ကွာ။ ဟေ့ကောင် ဒီမှာ မှတ်ထား၊ ချမ်းသာတဲ့လူက ကျန်းမာပြီး အသက်ရှည်ချင်တယ်ကွ၊ ဟားဟား”

သူငယ်ချင်းကပြောပြီး ဆက်ရယ်နေသည်။

“အဲဒါကြောင့်လည်း မင်းကို ဒီကိုပြောင်းလာစေချင်တာပေါ့ကွာ။ မင်းက ပညာလည်း တတ်ရဲ့သားနဲ့၊ နယ်မှာ ဆက်နေ မနေပါနဲ့တော့လား” သူငယ်ချင်းက ကရုဏာသံနှင့် ပြောခဲ့သည်။

ယခုတော့လည်း အဆိုပါသူငယ်ချင်း၏ အားပေးမှုနှင့်ပင် ကိုသော်တစ်ယောက် မြို့ကြီးပြကြီးရောက်သည်ပင် နှစ်နှင့်ချီခဲ့ပြီ။ မြို့လယ်ခေါင်လိုနေရာ၏ ဟိုတယ်ကြီးတစ်လုံးမှာ အလုပ်ရတော့ ထခုန်မိမတတ် ကိုသော် ဝမ်းသာခဲ့ရသည်။ နေပူပူ၊ လေပူပူ၊ ဖုန်ထူထူဘဝမျိုးမှာ ထုသားပေသားကျခဲ့သူမို့ လေအေးပေးစက် တရစပ်ပေးထားသည့် အဆောက်အအုံထဲမှာ အလုပ်လုပ်ရသည့် အစပိုင်းရက်များတွင် ဖျားနာခဲ့ရဖူးသည်ကိုပင် ကိုသော် မှတ်မိနေသည်။ အဆိုပါအတွေ့အကြုံက အခုတော့လည်း ဟာသသဖွယ်ဖြစ်ခဲ့ရသည်။ ကိုယ့်ကိုယ်ကိုယ် အကျင့်လေး ပျက်လာသည်ကိုပင် တွေ့လာရ၏ ။ နေပူထဲထွက်လျှင်ပင် နှာပဲစေးတော့မလိုလို။ ရေသန့်လေးမသောက်ရလျှင်ပင် ပျို့အန်တော့မလို။ နယ်ဘဝနှင့် မိဘနှစ်ပါးကို ပြေးမြင်မိသည်။ ရင်ထဲမှာ မကောင်း ဖြစ်ရသည်။

***

## (၂)

“ကလေးတို့ မင်းတို့ ပညာတတ်မှ ဖြစ်မယ်”

ကိုသော်တို့အဘိုးဖြစ်သူက ယခုကဲ့သို့ အမြဲ တိုက်တွန်းတတ်သည်ဟု အမေက မကြာခဏ ဖော်ညွှန်းသည်။ “မင်းတို့အဘိုး အဲဒီ လို ပြောခဲ့ ကြိုးစားခဲ့လို့ မင်းတို့ အခုလို ပညာနဲ့ နီးနီးစပ်စပ်ဖြစ်ရတာ ” အမေက သူ့အဖေ၏ တန်ဖိုးကိုသိသည်။ အဆိုပါ အဘိုးဖြစ်သူကလည်း အလွန်လေးစားစရာကောင်းသည့် စံပြပုဂ္ဂိုလ်ဖြစ်သည်။ အမှန်တွင် အဘိုးမှာ ၎င်းမိဘများ၏ ပံ့ပိုးစောင့်ရှောက်မှုကို

မရခဲ့သည့် အခြေအနေမဲ့ဟုပင် ပြော၍ ရသည်။ ကိုသော်တို့အဘွားရှိရာမြို့ လေးသို့ ဦးလေးတော်စပ်သည့် ဆရာတော်ဘုရားနှင့်အတူ ဘုန်းကြီးကျောင်းသားသာသာ အခြေအနေနှင့် ရောက်ရှိလာခဲ့သူ ဖြစ်သောကြောင့်ဖြစ်၏ ။

ထိုမှ လက်သမားပညာသင်၊ ကျောင်းဆောက်၊ အိမ်ဆောက်၊ ပရိဘောဂလုပ်နှင့် အသက်မွေးမှုပညာရရှိပြီး ဘဝကို တည်ဆောက်နိုင်ခဲ့သည်။ 'တောက်မယ့်မီးခဲ တရဲရဲ' ဆိုသကဲ့သို့ အဘိုးတွင် လူတကာ အတုယူလောက်သည့် အရည်အသွေးနှင့် အကျင့်စရိုက်ကောင်းလေးများ ရှိသည်။ အဘိုးသည် အလုပ်ကို ထမင်းမေ့ဟင်းမေ့ အလုပ်နှင့်တူအောင် လုပ်သည်။ စနစ်တကျရှိ၍ သချာဉာဏ်ကောင်းကာ ပရိဘောဂများကို တီတီထွင်ထွင် သေသေသပ်သပ်နှင့် စရွေးကိုက် လုပ်နိုင်ခဲ့သည်။ အရက်သေစာ မသောက်စား၊ အပျော်အပါး မလိုက်စား၊ လူကြီးဆန်ကာ တည်တည်တံ့တံ့ရှိသည်။ ချီးကျူးစရာ အကောင်းဆုံးသည်ကား စာပေဖတ်ရှုခြင်းကို ခုံမင်ကာ ပညာကို တန်ဖိုးထားတတ်ခြင်းပင်။ အရာရာကို မှတ်တမ်းမှတ်ရာများ နှင့် စည်းကမ်းတကျ ချဉ်းကပ်လေ့လာ ပြုမူဆောင်ရွက်ခဲ့သည်။ သားသမီးများကိုလည်း ပညာကြိုးစားသင်ယူစေကာ ပညာဖြင့်ပင် အသက်မွေးဝမ်းကျောင်းပြုစေဖို့ တွန်းအားပေး၊ ပခုံးထမ်းတင်ပေးခဲ့သည်။

"ကလေးတို့ အရိပ်ထဲမှာ အလုပ်လုပ်တာပဲ မြင်ချင်တယ်ကွယ်" ဟု အမြဲပြောခဲ့သည်ဆို၏ ။ "သူ့ဘဝက ကြမ်းတမ်းပူလောင်ခဲ့တော့ သားသမီးတွေကို အေးမြစေချင်ခဲ့မှာပေါ့။ အဲဒါကြောင့်လည်း သူ့ဘဝကို အပူထဲမှာထားပြီး အမေတို့ကို အရိပ်ထဲ တွန်းပို့ခဲ့တာပါသားရယ်" ဟု အမေက ပြောသည်။

ကိုသော်တို့ ငယ်ပါသေးသည်။ မသိတတ် သိတတ် အရွယ်မှာ ထင်သည်။ အဆိုပါ အဘိုးဆုံးသည်။ အဘိုးဆုံးတော့ အဆုတ်ကင်ဆာနှင့် ဖြစ်သည်။

"အမေတို့ သူငယ်ချင်းတစ်ယောက်ရဲ့ အဖေ၊ သားသမီးတွေကို ပညာတတ်တွေဖြစ်ဖို့ ဆံပင်ညှပ်ရင်း ကြိုးစားခဲ့တာ။ ဆုံးတော့

ကိုယ်တွင်းကလီစာတွေမှာ ဆံပင်ညှပ်စတွေ စိုက်လို့လေ၊ အခုလည်း မင်းတို့အဘိုးဆုံးတော့ အဆုတ်နဲ့ရင်ဘတ်မှာ မီးကျွမ်းရာတွေနဲ့။ သူက လှည်းပန်းတောင်းလုပ်ရင် လှည်းမီးချရတော့ မီးဖိုကြီးကို ရင်ဘတ်အပ်ပြီး မနက် ည အလုပ်လုပ်ရတာ ။ အဲဒီ ဒဏ်တွေပေါ့လေ”

အမေပြော၍ ဂမ်းပန်းတနည်း သိရသည်။ သူ့ခမျာ အသီးအပွင့်လေးများပင် ခံစားမသွားလိုက်ရရှာ။ သူ့သားသမီးအားလုံး (ကျန်းမာရေးချူချာသည့် သမီးနို့ညှာတစ်ယောက်မှ လွဲ၍ ) ၁၀ တန်း မအောင်သူ မရှိခဲ့။ ဘွဲ့ကိုယ်စီဖြင့်။ ပညာဖြင့် အသက်မွေးသူများ ဖြစ်ခဲ့ကြသည်။ အမေတို့ခေတ်က ကုန်သည်၊ ပွဲစား၊ ဈေးရောင်း၊ ဈေးဝယ် လုပ်ငန်းများထက် စည်းကမ်းကျနစွာရသော စာရေးစာချီ၊ ကျောင်းဆရာမ၊ ဝန်ထမ်းဘဝကို လေးစားအားကျ တန်ဖိုးထားခဲ့ကြသည်။ သို့နှင့် အဘိုး၏ သားသမီးအားလုံး အဘိုးမျှော်မှန်းခဲ့သည့် အရိပ်အောက်က ဝန်ထမ်းများ ဖြစ်လာကြပြီး ယခု ကိုသော်တို့ Generation အထိ ပညာ၏ အသီးအပွင့်ကို ခံစားကြရသည်။ ထိုအထဲမှ ကိုသော်တစ်ယောက်သည်လည်း နယ်မြို့လေးဆီမှ သည် ခမ်းနားလှသော ဟိုတယ်ကြီးတစ်ခု၏ ဝန်ထမ်းတစ်ဦးဘဝသို့။

***

## (၃)

မိဘက ဝန်ထမ်းများမို့ ဝန်ထမ်းမိသားစုကလာသည့် ကိုသော့်အတွက် မိမိတာဝန်နှင့် မိမိ စည်းကမ်းတကျ ရှင်သန်ရသည့် ဝန်ထမ်းဘဝလေးက အစေးကပ်လှသည်။ ယခုလို အမိုးနှင့်အကာနှင့် အရိပ်အောက်တွင် အေးအေးလူလူ လုပ်ရသည်က ကိုသော့်အတွက် အတိုင်းထက်အလွန် သက်သောင့်သက်သာရှိသည် မှန်သော်လည်း ဝန်ဆောင်မှုပေးရသည့် အလုပ်ဖြစ်သည့်အတွက် စိတ်ဖိစီးမှု

အနည်းနှင့်အများ ရှိတတ်သည်။

“ဟိုတယ်လုပ်ငန်းဆိုတာ Hospitality ဆိုတဲ့ ဧည့်ဝတ်ကျေပွန်မှုကို အစွမ်းနိုင်ဆုံး ဧည့်သည်ကို ဖြည့်ဆည်းပေးရတဲ့ Service ဝန်ဆောင်မှုအလုပ်တစ်ခုပဲ”

နယ်က တက်လာကစ သူငယ်ချင်းဖြစ်သူ၏ စီစဉ်ပေးမှုဖြင့် ဟိုတယ်ဝန်ထမ်း သင်တန်းကျောင်းတစ်ခု တက်ရစဉ်က ဆရာဖြစ်သူက တဖွဖွ အမြဲပြောတတ်သည်။ လက်တွေ့ ဟိုတယ်အလုပ် ဝင်လာတော့လည်း အဆိုပါ စာတွေ့နှင့်လက်တွေ့ကို ရောနယ်ပေါင်းစပ်ကာ အထိရောက်ဆုံး အားကုန်ကြိုးပမ်းရသည်။

နယ်မှာရှိစဉ်ကပင် မိဘများ၏ အမြင်ကျယ်ကျယ် လမ်းညွှန်မှုဖြင့် လေ့လာတတ်မြောက်ခဲ့ သော အင်္ဂလိပ်စကားပြော စွမ်းရည်လေးက အထောက်အကူပြုနေသဖြင့် အထစ်အငေါ့မရှိ လုပ်ငန်းကို လုပ်နိုင်ခဲ့သည်။ သို့နှင့် အောက်ခြေဝန်ထမ်းနေရာမှသည် ငယ်ရွယ်စဉ်က လိုက်စားခဲ့သည့် ကိုယ်ကာယကြံ့ခိုင်မှုကလည်း ပံ့ပိုးသဖြင့် Gym ခေါ်သည့် အားကစားခန်းမ၏ လက်ထောက်တာဝန်ခံအဆင့်အထိ တိုးတက်လာခဲ့ရသည်။

“Gym ဆိုတာ Public Area ပဲ။ ဟိုတယ်မှာ တည်းနေတဲ့ In-house guest ကော၊ အပြင်ကလာမယ့် Non-hotel guest(local) တွေကော လာနိုင်တဲ့ နေရာပဲ။ ဒါကြောင့်လည်း အားကစားအခြေခံလေးလည်းရှိ၊ နိုင်ငံခြားသားဧည့်သည်အပြင် Local တွေနဲ့ပါ ဆက်ဆံရေးအဆင်ပြေမယ့် မင်းကို ရွေးချယ်တာဝန်ပေးရတာ ပဲ”

တာဝန်စထမ်းဆောင်သည့် ပထမဆုံးနေ့က ဟိုတယ်မန်နေဂျာ၏ ပြောစကားအတွက် ကိုသော် ဂုဏ်ယူခဲ့မိသည်။

***

မည်သို့ပင်ဆိုစေ၊ ကိုယ်လည်းလေ လောကီသားပေမို့ရယ် မဟုတ်ပါလား။ တစ်ရက်တလေတော့လည်း ကိုသော် စိတ်လေးလေးလံလံ ရှိမိသည်။ ဧည့်သည်များအတွက် ဝန်ဆောင်မှုက မလျှော့သော်လည်း လုပ်ရိုးလုပ်စဉ်တစ်ခုကို လုပ်ဆောင်နေသည့် စက်ရုပ်တစ်ရုပ်သဖွယ် ဖြစ်နေတတ်လေ့ရှိသည်။ သို့ဖြစ်တိုင်းလည်း မိမိကိုယ်ကို မကျေနပ်မိ။ ပုဂ္ဂလိကအရေးအရာများကို အသာဘေးဖယ်ထားရသည့် ဝန်ဆောင်မှု Service ဝန်ထမ်းများမို့ အလုပ်၏ စိတ်ဖိစားမှုများနှင့် အဆိုပါ လူမှုဖြစ်စဉ်တို့ တိုးတိုက်မိသောအခါမျိုးတွင် စက်ရုပ်ဆန်သွားတတ်ကြသည်ကို သတိထားမိရသည်။ ယနေ့လည်း မနေ့ညက ရောက်လာသည့် သတင်းကြောင့် ကိုသော့်စိတ်တို့ ဝေဝေဝါးဝါး ရှိလှသည်။

“မင်း အဖေကော၊ အမေကပါ သွေးတိုးရောဂါ ဆိုးနေကြတယ်ကွယ်။ အစားအသောက်ပဲ ဆင်ခြင်ခိုင်းထားရတယ်။ ဆရာဝန်က လမ်းလျှောက်လေ့ကျင့်ခန်းလေး လုပ်ခိုင်းတယ်တဲ့။ ဒါပေမဲ့ သိတဲ့အတိုင်းပဲကွာ၊ တို့တွေက လုပ်လေ့မရှိတော့လည်း အခုမှတော့ ဘယ်လိုလုပ်ချင်ပါတော့မလဲ”

သတင်းကား မကောင်းသတင်း။ ဦးလေးဖြစ်သူက ရန်ကုန်အလာ ကိုသော့် အဆောင်ကို သတင်းဝင်ပေးသည်။ ကိုသော်တို့ တစ်သက်တာ အလုပ်နှင့်အိမ်၊ ကျောင်းနှင့်အိမ်၊ သားသမီးများ အတွက် ရုန်းကန်ပေးခဲ့သော မိဘများအတွက်ကိုသော် စိတ်မကောင်း။ သူတို့ရသည့် ပင်စင်လစာ ကလေးနှင့် ကိုသော့်ဆီက မလောက်မင ထောက်ပံ့စာလေးများက သူတို့ အိုစာမင်းစာကို ကာမိမည်မထင်။

အလုပ်လုပ်နေရင်း စိတ်က တစ်ချက်တစ်ချက် မိဘများဆီရောက်လုလုဖြစ်ချင်သွားလျှင် အလုပ်က ကချော်ကချွတ်

ဖြစ်တတ်လွန်း၍ သတိအလွန်ထားနေရသည်။ မိုးတွင်းကာလ ခရီးသွားရာသီလွန်ချိန်ဖြစ်၍ နိုင်ငံခြားသား In-house guest များမရှိ၍ တော်သေးသည်။ Local ပြင်ပဧည့်သည်များပင် Gym တွင် ရှိသည်။ သို့ပေတဲ့ ဧည့်သည် သည် ဧည့်သည်သာပင်ဖြစ်၍ ဟိုတယ်များ၏ ဝန်ဆောင်မှုအတိုင်း ဧည့်ဝတ်ကျေပွန်မှု မလစ်ဟင်းရေး ပို၍ ကြိုးပမ်းကြရ၏ ။

***

## (၅)

ယနေ့လာသည့် ဧည့်သည်အများစုကလည်း လပေးဖြင့် Gym ရက်ရှည်ကစားသည့် Local လုပ်ငန်းရှင် ဧည့်သည်များဖြစ်၍ ၎င်းတို့အချင်းချင်း ရင်းနှီးပြီးဖြစ်ကြကာ စကားစမြည်ပြော၊ ဟစ်အော်နှုတ်ဆက်ရင်း Gym အခန်းအတွင်း ကြွက်ကြွက်စီစီရှိလှသည်။ တဘက် (Towel) များ ဖြည့်တင်းပေးရန် နားနေခန်းအတွင်း ကိုသော် ဝင်လာတော့ ဧည့်သည် ၂ ဦး စကားပြောနေတာကြားရသည်။

"အဲဒီ လူက ဆရာဝန် ဝိတ်ချခိုင်းလို့တဲ့လေ။ ဟိုတစ်ယောက်ကတော့ ပုံမှန်လာကစားတာ လေ။ Daily Exericise ပေါ့။ စားကောင်း အိပ်ပျော် အသက်ရှည်ပေါ့ ဟားဟား"

ဧည့်သည်တစ်ယောက်က ယနေ့မှ အသစ်ဝင်လာသည့် သူ့မိတ်ဆွေကို အဝတ်လဲရင်းမှပင် လှမ်းပြောနေသည်။

"ဒါနဲ့ ခင်ဗျားအလုပ်တွေကော"

"ဒီနှစ်ပိုကောင်းလာတယ်ဗျ။ ကုမ္ပဏီတွေတော့ မန်နေဂျာနဲ့ပဲ လွှဲထားတယ်ဗျာ၊ on going သွားနေပြီပဲ"

“ခင်ဗျားဗျာ၊ လာကစားတာ နောက်ကျလိုက်တာ၊ အသက်ကို ညာဏ်စောင့်တယ်ဗျနော်”

“အေးဗျာ၊ ကျုပ်လည်း အခုမှ သတိဝင်လာလို့၊ သေလို့မဖြစ်သေးဘူးဗျ၊ ကျန်ခဲ့တာတွေ ကုန်အောင်စားမယ့်လူ မရှိဘူးလား။ ဟား ဟား ဟား”

“ခင်ဗျားကတော့ လုပ်ရော့မယ်။ ခင်ဗျားလာကစားကာမှ ဒီဟိုတယ်က Gym ဈေးကလည်း ခုန်တက်သွားတယ်ဗျ။ အခု တစ်ရက်ကို တစ်သောင်းခွဲဖြစ်သွားပြီလေ”

“တစ်သောင်းခွဲက အရေးမကြီးပါဘူး ကိုယ့်လူရာ၊ အသက်ရှည်ရှည်နေရဖို့ရာပဲ ဟား ဟား”

၎င်းတို့နှစ်ယောက် စကားကောင်း အတိုင်အဖောက်ညီနေတုန်း ဟန်းဖုန်းသံက ဝင်လာသည်။ ၎င်းတို့ဘေးတွင် တဘက်အဟောင်း Solider Tower များနှင့် ကိုသော် အလုပ်များနေသည့်အတွက် စကားသံများကို ဆက်ကြားနေရသည်။

“ဟဲလို ပြောပါ”

“. . . . .”

“ဘယ်သူ”

“. . . . .”

“သြော်၊ အေး ဆက်ပြော”

“. . . . .”

“ဘယ်သူ နေမကောင်းတာ၊ သူ့အဖေ . . . ဟုတ်လား။ အေး အေး ဆက်ပြော”

“. . . . .”

“သူက လခ ဘယ်နှစ်ခါကြိုထုတ်ဖူးလဲ”

“. . . . .”

“အခုကော ဘယ်လောက်တောင်းတာလဲ”

“. . . . .”

“တစ်သောင်းတောင်လား”

“. . . . .”

“မင်း မန်နေဂျာပဲ။ ဒီလောက်တောင် မသိဘူးလား။ စည်းနဲ့ကမ်းနဲ့ လုပ်ပေါ့။ တစ်သောင်း ဖြစ်ဖြစ် တစ်သောင်းခွဲဖြစ်ဖြစ် ပိုက်ဆံက ပိုက်ဆံပဲ၊ မင်းပေးချင်ရင် မင်းဘာသာစိုက်ပေး ဟုတ်လား။ ဒါပဲ။ ငါ အခု relax လုပ်နေတယ်”

ဖုန်းဆက်သူက ဖုန်းကို ဆောင့်ဆောင့်အောင့်အောင့်ပိတ်ရင်း ၎င်းဘေးမှ သူငယ်ချင်းကို ဆက်ပြောသည်။

“ဝန်ထမ်းတွေက ဒီလိုပါပဲ”

“ထားလိုက်ပါဗျာ။ ကဲ အချိန်ရှိတုန်း Gym ထဲ ဝင်ကစားလိုက်ကြရအောင်၊ တစ်ခါကစား တစ်သောင်းခွဲတောင် ပေးရတာ ဗျ၊ ဟား ဟား”

၎င်းတို့နှစ်ဦး ထွက်သွားသည်နှင့် တဘက်ဟောင်းများထည့်သည့်တောင်းကို ဆွဲမ နေရင်း ကိုသော် မှင်တက်နေမိသည်။ ခါတိုင်း မနေကြ သည်တောင်းက ဒီနေ့ပို၍ လေးလံနေသည်။

***